ဓမ္မဒါန အလှူရှင်




မုံလယ်တောရ ဓမ္မရိပ်သာ

ဂန့်ဂေါ (ပင်ရင်း) ဖုန်း- ၀၆၂-၅၀၀၈၈
၀၆၂-၅၀၀၈၉

ပဲခူး၊ (၁၀)မိုင်ကုန်း၊ တိုက်ခွဲ အမှတ် (၁)
ဖုန်း- ၀၉-၈၆၅၀၉၄၇

ကျိုင်းတုံမြို့၊ တိုက်ခွဲ အမှတ် (၂)
ဖုန်း- ၀၈၄-၂၂၅၀၁

မန္တလေးမြို့၊ တိုက်ခွဲ အမှတ် (၃)
ဖုန်း- ၀၂- ၉၁၀၁၀၀၁၂

တောင်ကြီးမြို့၊ ဖုန်း- ၀၈၁-၂၁၀၉၆


မိုးကုတ်ဝိပဿနာပြန့်ပွားရေး

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ အနောက်ဂန့်ဂေါ ၊မုံလယ်တောရကျောင်း၊

ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# မုံလယ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော



ရန်ကုန်တိုင်း၊ ဗဟန်းမြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးတွင်

၁၃-၁၂-၂၀၀၈ ည ၇-နာရီ အချိန်

ဟောကြားတော်မူသော

## အဝိဇ္ဇာ တဏှာအကြောင်း ရှင်းပြပုံ

ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပြုတ်တရားတော်

ကျေးဇူးတော်ရှင်

မုံလယ်ဆရာတော်ဘုရားကြီး

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ



Generated by CamScanner from intsig.com

**ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ**
**မုံလယ်တောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တသံဝရ**

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးတွင်
၁၃-၁၂-၂၀၀၈ ည (၇း၀၀) နာရီအချိန်တွင်
ဟောကြားတော်မူသော

**အဝိဇ္ဇာနှင့် တဏှာအကြောင်း ရှင်းပြပုံ**

ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော်

**အနမတဂ္ဂေ အနန္တ ငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ**

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ
နမော မာတာပိတုဿ၊ နမော အာစရိယဿ။

**ဗုဒ္ဓဿ** - သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာ ဘုရား သခင်ကိုယ်တော်မြတ်ကြီးအား၊ **နမော** - ရည်ညွတ် သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုး ပါ၏ အရှင်ဘုရား။

Generated by CamScanner from intsig.com

**ဓမ္မဿ** - မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ် ဆယ်ပါးသော တရားတော်မြတ်အား၊ **နမော**-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**သံဃဿ** - မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး၊ ဤရှစ်ပါးသော အရိယာ သံဃာတော်မြတ်တို့အား၊ **နမော**-ရည်ညွှတ် သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**မာတာပိတုဿ** - မိဘနှစ်ပါးအား၊ **နမော** - ရည်ညွှတ် သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**အာစရိယဿ** - ဝိပဿနာ၊ ဉာဏ်မျက်စိ နှစ်ကွင်း၊ အလင်းရောက်အောင်၊ သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော် ဘုရားကြီးအား၊ **နမော** - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။



ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါး၊ မိဘ၊ ဆရာသမားတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော် မာန်လျှော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမစေတနာ၊ သဒ္ဓါ၊ ပညာ၊ ဝီရိယတို့ကြောင့် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအို၊ မသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း၊ တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း၊ မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက် ပြုလွယ်နိုင်ကြသည်ဖြစ်စေ။

**မူလနှစ်ဖြာ တစ်ခေါက် ရွတ်ဆို ပူဇော်ကြပါဦးစို့။**

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊
အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊သုံးပါးအစပ်၊
နှစ်ရပ်မူလ၊ ဝဋ္ဋသုံးဝနှင့်၊ ကာလသုံးဖြာ၊
ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို
အလွယ်ကျက်မှတ် သိစေအပ်သည်
သံသရာမှ လွတ်ကြောင်းတည်း။

Generated by CamScanner from intsig.com

နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

တရားနာတယ် တရားအားထုတ်တယ် တရား လေ့လာတယ်ဆိုတာ မိမိခန္ဓာမှာ ရှိတဲ့တရားနဲ့ အသိဉာဏ်နဲ့ ထပ်သွားဖို့ လိုတယ်နော်။ ခန္ဓာမှာရှိတဲ့ တရားဆိုတာ အာရုံ နဲ့ ဒွါရတိုက်ပြီးတော့ ပေါ်လာတဲ့ ခန္ဓာငါးပါးကို ပြောတာပေါ့။ အာရုံဆိုတာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံပေါ့။ ဒွါရဆိုတာ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ မနောအကြည်ပေါ့။ ကာယအကြည်ရှိရင် ပထဝီဖောဋ္ဌဗ္ဗ မတိုက်လား (တိုက်ပါတယ်ဘုရား)။ ထိသိစိတ် မပေါ်လား (ပေါ်ပါတယ်ဘုရား)။ တစ်ဝိညာဏ်ထဲ ထိသိလို့ ဖြစ်ကဲ့လား (မဖြစ်ပါဘူးဘုရား)။ မဖြစ်ရင် သူနဲ့ သဟဇာတ ဖြစ်တဲ့



ဝေဒနာ၊ သညာ၊ စေတနာ မပါလား (ပါပါတယ်ဘုရား)။ မာတယ် ပျော့တယ်လို့ ခံစားတာ လူလား ဝေဒနာလား (ဝေဒနာပါဘုရား)။ နတ်လား ဝေဒနာလား (ဝေဒနာပါ ဘုရား)။ ဗြဟ္မာလား ဝေဒနာလား (ဝေဒနာပါဘုရား)။ မာတယ် ပျော့တယ်လို့ မှတ်တာ လူ၊ နတ်၊ ဗြဟ္မာလား သညာလား (သညာပါဘုရား)။ ခံစားနိုင်အောင် စေ့ဆော်တာ၊ မှတ်နိုင်အောင် စေ့ဆော်တာ သူ၊ ငါလား၊ စေတနာလား (စေတနာပါဘုရား)။ ဝေဒနာ၊ သညာ၊ စေတနာ သုံးခု ပေါင်းတော့ နာမက္ခန္ဓာ လေးပါး မပြည့်လား (ပြည့်ပါတယ် ဘုရား)။ ဤလေးပါး ပြည့်စုံမှ ထိသိစိတ် ဖြစ်တာနော်။

လူ၊ နတ်၊ ဗြဟ္မာလား၊ နာမက္ခန္ဓာလေးပါးလား (နာမက္ခန္ဓာလေးပါးပါဘုရား)။ ကာယအကြည်ကား လူဟုတ်ကဲ့လား (မဟုတ်ပါဘူးဘုရား)။ မာမှု ပျော့မှုကား လူဟုတ်ကဲ့လား (မဟုတ်ပါဘူးဘုရား)။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ မရလား (ရပါတယ်ဘုရား)။ နာမက္ခန္ဓာလေးပါးနဲ့ ရူပက္ခန္ဓာပေါင်း (ခန္ဓာ ငါးပါးပါဘုရား)။ ကာယဒွါရမှာ ဖြစ်တာနော်။ လူလား၊ ခန္ဓာငါးပါးလား (ခန္ဓာငါးပါးပါ ဘုရား)။ နတ်လား၊ ခန္ဓာငါးပါးလား (ခန္ဓာငါးပါးပါဘုရား)။

Generated by CamScanner from intsig.com

ဗြဟ္မာလား၊ ခန္ဓာငါးပါးလား (ခန္ဓာငါးပါးပါဘုရား)။ ဤခန္ဓာသိအောင်လို့ တရားနာရတာနော်။ ခန္ဓာသိဖို့ လိုရင်းအချက်ပေါ့။

ပိဋကတ်သုံးပုံကို ချုံ့ကြည့်တော့ ခန္ဓာငါးပါးပေါ့။ ခန္ဓာငါးပါး ချုံ့ကြည့်တော့ နာမ်နဲ့ ရုပ်ပေါ့။ နာမ်နဲ့ ရုပ်ကို ချုံ့ကြည့်တော့ ဖြစ်ပျက်ပေါ့။ အဲဒါ လိုရင်းအချက်တွေကွဲ့နော်။ ဒါကြောင့်မို့လို့ စိစစ်ဖို့လိုတာပေါ့။ တရားထိုင်တရားထိုင်လို့ မပြောကြဘူးလား (ပြောကြပါတယ်ဘုရား)။ တရားထိုင်တာ အဓိကလား၊ ခန္ဓာသိဖို့ အဓိကလား (ခန္ဓာသိဖို့ အဓိကပါဘုရား)။ စင်္ကြံသွားတာ အဓိကလား၊ ခန္ဓာသိဖို့ အဓိကလား (ခန္ဓာသိဖို့ အဓိကပါဘုရား)။ ရပ်တာ အဓိကလား၊ ခန္ဓာသိဖို့ အဓိကလား (ခန္ဓာသိဖို့ အဓိကပါဘုရား)။ လျောင်းတာ အဓိကလား၊ ခန္ဓာသိဖို့ အဓိကလား (ခန္ဓာသိဖို့ အဓိကပါဘုရား)။ ခန္ဓာသိဖို့ အဓိကနော်။

ကဲ စိတ်ထဲဉာဏ်ထဲက ထိုင်လိုက်ကြသေးတာပေါ့။ ထိုင်လိုက်တဲ့အခါ ကြမ်းနဲ့ တင်ပါးနဲ့ ထိမသွားလား (ထိသွားပါတယ်ဘုရား)။ ထိတဲ့အခါ သတိမပြုရဘူးလား (ပြုရပါတယ်ဘုရား)။ ထိ၊ သိ သတိလို့ မဟောလား (ဟောပါတယ်ဘုရား)။ သတိပြုတဲ့အခါ ကြမ်း တွေ့သလား၊



မာတာ တွေ့သလား (မာတာ တွေ့ပါတယ်ဘုရား)။ တင်ပါးတွေ့သလား၊ ကာယအကြည် တွေ့သလား (ကာယအကြည်တွေ့ပါတယ်ဘုရား)။ ကာယအကြည်ပဲ တွေ့တယ်နော်။ ဤနှစ်ခုထိတော့ သိတဲ့စိတ်ကလေး မပေါ်လား (ပေါ်ပါတယ်ဘုရား)။ အဲဒီ မာတယ်လို့သိတဲ့ စိတ်ကလေးဟာ ကာယအကြည်နဲ့ ဖောဋ္ဌဗ္ဗ မထိခင်၊ မတိုက်ခင် ဘယ်ဆီမှာနေတယ်လို့ လက်ညှိုးညွှန်ပြခြင်းငှာ ထိုက်ရဲ့လား (မထိုက်ပါဘူး ဘုရား)။ နှစ်ခုတိုက်ဆိုင်မှ ပေါ်တာနော်။ သူတွေ ငါတွေ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဘုရား)။ လူ၊ နတ်၊ ဗြဟ္မာဟုတ်ရဲ့လား (မဟုတ်ပါဘူးဘုရား)။ ထိသိစိတ်ပေါ့။

တစ်ဝိညာဏ်တည်း ထိသိလို့ ဖြစ်ရဲ့လား (မဖြစ်ပါဘူးဘုရား)။ မဖြစ်ရင် သူနဲ့ သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ မပါလား (ပါပါတယ်ဘုရား)။ အဲဒီလို စိစစ်ဖို့ မကောင်းလားဟေ့ (ကောင်းပါတယ်ဘုရား)။ လေ့လာကွဲ့နော်။ မာတယ် ပျော့တယ်လို့ ခံစားတာ သူတွေ ငါတွေလား၊ ဝေဒနာလား (ဝေဒနာပါဘုရား)။ လူလား၊ ဝေဒနာလား (ဝေဒနာပါဘုရား)။ နတ်လား၊

Generated by CamScanner from intsig.com

ဝေဒနာလား (ဝေဒနာပါဘုရား)။ ဖြဟ္မာလား၊ ဝေဒနာလား (ဝေဒနာပါဘုရား)။ စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ ကဲ ထင်တာက သူတွေ ငါတွေပေါ့။ တွေ့တာက ဝေဒနာပဲ တွေ့တယ်နော်။ စဉ်းစားဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။

မာတယ် ပျော့တယ်လို့မှတ်တာ သူတွေ ငါတွေလား၊ သညာက္ခန္ဓာလား (သညာက္ခန္ဓာပါဘုရား)။ လူ၊ နတ်၊ ဗြဟ္မာလား၊ သညာက္ခန္ဓာလား (သညာက္ခန္ဓာပါဘုရား)။ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူ၊ ငါလား၊ စေတနာလား (စေတနာပါဘုရား)။ ဝေဒနာ၊ သညာ၊ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါး မပြည့်လား (ပြည့်ပါတယ်ဘုရား)။ ဤလေးပါးပြည့်စုံမှ ထိသိစိတ် ဖြစ်တာနော်။ လူ၊ နတ်၊ ဗြဟ္မာလား၊ နာမက္ခန္ဓာလေးပါးလား (နာမက္ခန္ဓာလေးပါးပါဘုရား)။ ကာယအကြည်ကား တင်ပါးဟုတ်ရဲ့လား (မဟုတ်ပါဘူးဘုရား)။ မာဆိုတဲ့ပထဝီကား ကြမ်းဟုတ်ရဲ့လား (မဟုတ်ပါဘူးဘုရား)။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ မရလား (ရပါတယ်ဘုရား)။ နာမက္ခန္ဓာ လေးပါးနဲ့ ရူပက္ခန္ဓာပေါင်း (ခန္ဓာငါးပါးပါဘုရား)။ ဒါ တရားထိုင်လို့ သိတာနော်။ အဲဒီခန္ဓာသိဖို့



ဘယ်လောက်မှ မကြာဘူးပေါ့။ ငါးမိနစ်ပဲ ကြာမယ်နော်။ ခန္ဓာသိရင် ကိုယ် ထင်တဲ့ လူစွဲ၊ နတ်စွဲ၊ ဗြဟ္မာစွဲ စွဲစရာ လိုသေးသလား (မလိုပါဘူးဘုရား)။ အဲဒါ လိုရင်း အချက်ပေါ့ကွဲ့။ ခန္ဓာသိဖို့၊ သစ္စာသိဖို့၊ ပဋိစ္စသမုပ္ပါဒ်သိဖို့ လိုတယ်နော်။ မရသေးတဲ့ ပုဂ္ဂိုလ် ရလေအောင်၊ ရပြီးသား လိုရင်းကိစ္စပြီးအောင် မျက်စိပေါက်ကစ မနောဒွါရအထိ မှန်မှန်လေး ခန္ဓာဖွဲ့ကြ။

## “ခန္ဓာဖွဲ့နည်း”

### မျက်စိ

စက္ခုအကြည်ကို အဆင်းတိုက်တော့ စက္ခုဝိညာဏ် ပေါ်ပါသည်။ စက္ခုဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ စက္ခုဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ စက္ခုအကြည်နှင့် အဆင်းကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာ ပေါင်းတော့ **ခန္ဓာငါးပါး**ဖြစ်ပါသည်။

Generated by CamScanner from intsig.com

မျက်စိအကြည်ကို အဆင်းတိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။ အဆင်းကို မြင်သိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ မျက်စိ အကြည်နှင့် အဆင်းက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

မျက်စိအကြည်ကို အဆင်းတိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။ အဆင်းကို မြင်သိတာက နာမ်တရား။ မျက်စိ အကြည်နှင့် အဆင်းက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

## နား

သောတအကြည်ကို အသံတိုက်တော့ သောတ ဝိညာဏ် ပေါ်ပါသည်။ သောတဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ သောတဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ သောတအကြည်နှင့် အသံကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

နားအကြည်ကို အသံတိုက်တော့ ကြားသိစိတ်



ပေါ်ပါသည်။ အသံကို ကြားသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ နား အကြည်နှင့် အသံက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

နားအကြည်ကို အသံတိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။ အသံကို ကြားသိတာက နာမ်တရား။ နား အကြည်နှင့် အသံက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

## နှာ

ဃာနအကြည်ကို အနံ့တိုက်တော့ ဃာနဝိညာဏ် ပေါ်ပါသည်။ ဃာနဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ် တည်းပေါ်လို့ ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ ဃာနဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်း တော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ဃာနအကြည်နှင့် အနံ့ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာ လေး ပါးနှင့် ရူပက္ခန္ဓာ ပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

နှာအကြည်ကို အနံ့တိုက်တော့ နံသိစိတ် ပေါ်ပါ သည်။ အနံ့ကို နံသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာ

Generated by CamScanner from intsig.com

က စေတသိက်။ စိတ်၊ စေတသိက်။ နှာအကြည်နှင့် အနံ့က ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

နှာအကြည်ကို အနံ့တိုက်တော့ နံသိစိတ် ပေါ်ပါသည်။ အနံ့ကို နံသိတာက နာမ် တရား။ နှာအကြည်နှင့် အနံ့က ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

## လျှာ

ဇိဝှါအကြည်ကို ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး ရသာ(၆)ပါး တိုက်တော့ စားသိစိတ်ဆိုတဲ့ ဇိဝှါဝိညာဏ် ပေါ်ပါသည်။ ဇိဝှါဝိညာဏ်ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ ဇိဝှါဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ဇိဝှါအကြည်နှင့် ရသာ(၆)ပါးကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

လျှာအကြည်ကို ရသာ(၆)ပါးတိုက်တော့ စားသိစိတ် ပေါ်ပါသည်။ ရသာ(၆)ပါးကို စားသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။



လျှာအကြည်နှင့် ရသာ(၆)ပါးက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

လျှာအကြည်ကို ရသာ(၆)ပါးတိုက်တော့ စားသိစိတ် ပေါ်ပါသည်။ ရသာ(၆)ပါးကို စားသိတာက နာမ်တရား။ လျှာအကြည်နှင့် ရသာ(၆)ပါးက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

## ကိုယ်

ကာယအကြည်ကို မာမှု၊ ပျော့မှု၊ ပထဝီဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ်ဆိုတဲ့ ကာယဝိညာဏ် ပေါ်ပါသည်။ ကာယဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ ကာယဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ကာယအကြည်နှင့် မာမှု၊ ပျော့မှုကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

ကိုယ်အကြည်ကို ပူမှု၊ အေးမှု၊ တေဇောဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ပေါ်ပါသည်။ ပူမှု၊ အေးမှုကို ထိသိ

Generated by CamScanner from intsig.com

တာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ ကိုယ်အကြည်နှင့် ပူမှု၊ အေးမှုက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

ကိုယ်အကြည်ကို ထောက်ကန် လှုပ်ရှားမှု၊ ဝါယောဖောဋ္ဌဗ္ဗတိုက်တော့ ထိသိစိတ် ပေါ်ပါသည်။ ထောက်ကန် လှုပ်ရှားမှုကို ထိသိတာက နာမ်တရား။ ကိုယ်အကြည်နှင့် ထောက်ကန် လှုပ်ရှားမှုက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

## စိတ်

မနောအကြည်ကို ဓမ္မာရုံတိုက်တော့ ကြံသိစိတ်ဆိုတဲ့ မနောဝိညာဏ် ပေါ်ပါသည်။ မနောဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ မနောဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာက္ခန္ဓာ စေတသိက်၊ သညာက္ခန္ဓာ စေတသိက်၊ သင်္ခါရက္ခန္ဓာ စေတသိက် သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ဟဒယဝတ္ထုနှင့် ဓမ္မာရုံကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာ ပေါင်းတော့ **ခန္ဓာ ငါးပါး** ဖြစ်ပါသည်။



မနောအကြည်ကို ဓမ္မာရုံတိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။ ဓမ္မာရုံတရားအပေါ်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ အနေနှင့် ကြံသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ ဟဒယဝတ္ထုနှင့် ဓမ္မာရုံက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

မနောအကြည်ကို ဓမ္မာရုံတိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။ ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါ အနေနှင့် ကြံသိတာက နာမ်တရား။ ဟဒယဝတ္ထုနှင့် ဓမ္မာရုံက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

ခြောက်ဒွါရ ခန္ဓာဖွဲ့ကြည့်တော့ လူအစားစား၊ နတ်အစားစား၊ ဗြဟ္မာအစားစား၊ တိရစ္ဆာန် အစားစား၊ ပြိတ္တာ၊ အသူရကာယ်အစားစား တွေ့သလား၊ ခန္ဓာငါးပါး တွေ့သလား (ခန္ဓာငါးပါး တွေ့ပါတယ်ဘုရား)။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ မတွေ့တာရှိလို့လား၊ မရှိလို့လား (မရှိလို့ပါဘုရား)။ မရှိရင် လူစွဲ၊ နတ်စွဲ၊ ဗြဟ္မာစွဲ စွဲစရာလိုသေးသလား (မလိုပါဘူးဘုရား)။ တွေ့တဲ့တရားက လူ၊ နတ်၊ ဗြဟ္မာလား၊ ခန္ဓာငါးပါးလား (ခန္ဓာငါးပါးပါဘုရား)။

Generated by CamScanner from intsig.com

ဤခန္ဓာငါးပါး ဘယ်ပုံဘယ်နည်းရှိတာလဲ စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ ရူပက္ခန္ဓာ ဘယ်သဘော ရှိသလဲ (ဖောက်ပြန် ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)။ ဝေဒနာက္ခန္ဓာ ဘယ်သဘော ရှိသလဲ (ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)။ သညာက္ခန္ဓာ ဘယ်သဘော ရှိသလဲ (မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)။ သင်္ခါရက္ခန္ဓာ ဘယ်သဘော ရှိသလဲ (စေ့ဆော် ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)။ ဝိညာဏက္ခန္ဓာ ဘယ်သဘော ရှိသလဲ (သိတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)။

ဤခန္ဓာငါးပါးက မြင်ပြီးရင် ပျက်၊ ကြားပြီးရင် ပျက်၊ နံပြီးရင် ပျက်၊ စားပြီးရင် ပျက်၊ ထိပြီးရင် ပျက်၊ သိပြီးရင် ပျက်ဆိုတော့ ခန္ဓာငါးပါး တွေ့သလား၊ မရှိတာ တွေ့သလား (မရှိတာတွေ့ပါတယ် ဘုရား)။ မရှိရင် ဘယ်လိုစွဲမလဲ (စွဲစရာ မရှိပါဘူးဘုရား)။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါက အစကတည်းက မရှိခြင်းကြောင့် စွဲစရာလိုသေးသလား (မလိုပါဘူးဘုရား)။ ရှိတယ်ဆိုတဲ့ ခန္ဓာက ဖြစ်ပြီးတော့



မပျက်လား (ပျက်ပါတယ်ဘုရား)။ အစွဲခံရဲ့လား (မခံပါဘူးဘုရား)။ ဒီလိုဆိုရင် သက္ကာယဒိဋ္ဌိ ပြုတ်တာပေါ့။ သက္ကာယဒိဋ္ဌိ ပြုတ်တဲ့ပုဂ္ဂိုလ် ကာယကံနဲ့ ပတ်သက်တဲ့ အကုသိုလ်၊ ဝစီကံနဲ့ ပတ်သက်တဲ့ အကုသိုလ်၊ မနောကံနဲ့ ပတ်သက်တဲ့ အကုသိုလ် ပြုဦးမလား (မပြုပါဘူးဘုရား)။ မပြုရင် ရှေးဆရာတော် သမားတော်တွေ ဘယ်လိုဟောသလဲလို့ စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ **သက်သတ် ခိုးမှု၊ ကာမေသု၊ မုသား၊ မိစ္ဆာကင်း ပြတ်ကွာ မှတ်ပါ သောတာပန်တဲ့ကွဲ့**။ သောတာပန် ဖြစ်ရင် ချမ်းသာအစစ်ကို ရသွားပြီနော်။

ဆက်ပြီးတော့ ကြိုးစားမယ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပေါ့။ ဘယ်လောက်များ အားရစရာ ကောင်းသလဲ၊ ကြားလား။ ဤခန္ဓာသိဖို့ လိုတယ်ကွဲ့။ စိစစ်ဖို့မလိုဘူးလား (လိုပါတယ်ဘုရား)။အဲဒီ ခန္ဓာမှာ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာနဲ့ ပြန်စဉ်းစားနော်။

(၂) အကွက်ကို ပြန်စဉ်းစားနော်။ (၂) က (၃) ကို မကူးစေနဲ့လို့ ဆရာတော်ဘုရားကြီး သတိမပေးလား (ပေးပါတယ်ဘုရား)။ (၂)က (၃) ကို မကူးဖို့ပေါ့။ ဒါကြောင့်မို့လို့

Generated by CamScanner from intsig.com

မိမိက စဉ်းစားစရာတွေ ဘယ်လိုတွေလဲနော်။ အတိတ်က သမုဒယသစ္စာ၊ အဝိဇ္ဇာ ဦးစီးတယ်လို့ အဖြေ မပေးကြလား (ပေးပါတယ်ဘုရား)။ ပစ္စုပ္ပန် သမုဒယသစ္စာ၊ တဏှာ ဦးစီးတယ်လို့ အဖြေ မပေးဘူးလား (ပေးပါတယ်ဘုရား)။ အဝိဇ္ဇာ ဦးစီးတာလဲ မှန်တယ်နော်။ တဏှာ ဦးစီးတာလဲ မှန်တယ်နော်။ အကွက်က မပေါ်ဘူးကွဲ့။ ကဲ တဏှာဦးစီးတာ ရှင်းပေးစမ်းဆိုရင် ရှင်းနိုင်ပဲ့မလား (မရှင်းနိုင်ပါဘူးဘုရား)။ အဝိဇ္ဇာ ဦးစီးတာကား ရှင်းနိုင်ပဲ့မလား (မရှင်းနိုင်ပါဘူး ဘုရား)။ စဉ်းစားကွဲ့နော်။ ဒီလိုဆိုတော့ ကလေးတွေလဲ စကားပြောတတ်ရင် လေးနှစ်၊ ငါးနှစ်က သင်ရင် တတ်တာပေါ့။ စဉ်းစားဖို့မကောင်းလား (ကောင်းပါတယ်ဘုရား)။

မကြားစဖူး ကြားဖူးထပ်မံနော်။ လူတစ်ယောက်ပေါ့၊ ငရုတ်သီး အင်မတန်စားနိုင်တဲ့ ပုဂ္ဂိုလ်ကိုး။ ငရုတ်သီး မပါရင် ထမင်းစားလို့ မဖြစ်ဘူး။ အဲဒါ သွေးဝမ်းတွေ ဖြစ်တော့ တာပေါ့။ သွေးဝမ်းတွေဖြစ်တော့ မင်းအသက်ကို အသေခံ မလား၊ ငရုတ်သီး ဖြတ်မလားလို့ မမေးရဘူးလား (မေးရ ပါတယ်ဘုရား)။ အသက်ကိုတော့ အသေမခံရဲဘူးပေါ့။ ငရုတ်သီး ဖြတ်မယ်လို့ မပြောဘူးလား (ပြောပါတယ်



ဘုရား)။ ငရုတ်သီး ဖြတ်လိုက်တော့တာနော်။

မန်ကျည်းရည်၊ မန်ကျည်းသီး ငါးကျပ်သားလောက် ပေါ့။ အစေ့ ထုတ်ပြီးသားနော်။ ဆား တစ်ကျပ်သားပေါ့။ ရေ လေးဆယ်သားပေါ့။ နာရီဝက်လောက် ကြာတဲ့အခါ အကုန်လုံး နယ်ပစ်လိုက်တာပေါ့။ နယ်လို့ သမပြီဆိုတော့ စစ်ပြီးခါမှ အရည် လေးဆယ်သားပေါ့နော်။ မနက် လေးနာရီကို သောက်လိုက်ပေါ့။ ငါးနာရီကျတော့ ဝမ်းလျှောမှာပေါ့။ သုံးကြိမ် လေးကြိမ် လျှောမယ်နော်။ လျှောလို့ အားရပြီဆိုရင် ရေချိုးလိုက်တာပေါ့။ ရေချိုးတဲ့ အခါ အခိုးတွေ ပွင့်ပြီးတော့ အပူတွေ ထွက်မသွားဘူးလား (ထွက်သွားပါတယ်ဘုရား)။ တစ်နေ့ တစ်ပါးဆက်၊ သုံးရက်လောက် ဆက်သောက်ရတာပေါ့။ အဲဒီ သွေးရပ်တဲ့ နည်းက တစ်မျိုးပေါ့နော်။ နှမ်းဆီ တစ်ဆယ်သားပေါ့။ ကြက်သွန်ဖြူက ခန့်မှန်းခြေ နှစ်ကျပ်သားပေါ့။ ထန်းလျက်က တစ်ဆယ်သားပေါ့။ ထန်းဖို ထန်းလျက်။ အဲဒါ ဆီကျက်ပြီ ဆိုတဲ့အခါ ကြက်သွန်ထည့်ပေါ့။ ကြက်သွန် ကျက်လောက်တဲ့ အခါ ထန်းလျက်တုံးထည့် အောက်ကိုချမွှေပေါ့။ သမပြီ ဆိုတဲ့အခါ အဲဒါ စားနော်။ စားတဲ့အခါ သွေးဝမ်းတွေ

Generated by CamScanner from intsig.com

ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)။ အဲဒါ သူယုံကြည်ပြီနော်။ အတိတ်က ငါ ဒီလိုစားလို့ ဒီလို ဖြစ်တယ်လို့ သိရဲ့လား (မသိပါဘူးဘုရား)။ မသိတာ အဝိဇ္ဇာပေါ့။ စားတာ သင်္ခါရ။ စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ သင်္ခါရ ပစ္စယာ ဝိညာဏံလို့ မဟောဘူးလား (ဟောပါတယ်ဘုရား)။ အဲဒီလို လေ့လာဖို့ လိုတယ်နော်။ အဲဒီလို ရှောင်လိုက်တာ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ် ကြာသွားတာပေါ့။ အသားအရေတွေ စိုပြည်ပြီးတော့ မလာလား (လာပါတယ်ဘုရား)။ ရပ်ကွက်မှာ အလှူမင်္ဂလာ ရှိတာကိုး။ ဟင်းတွေကလည်း မိမိက အင်မတန်ကောင်းတဲ့ ဟင်းတွေပေါ့။ ငရုတ်သီးကြော်လဲ အကောင်းစားပေါ့နော်။ မြင်တဲ့အခါ မစားဘဲ မနေနိုင်ဘူးပေါ့။ အဲဒီက စားလိုက်က တည်းက တဖြည်းဖြည်းနဲ့ တစ်လမကြာခင် သွေးဝမ်း ပြန်ဖြစ်တာပေါ့။ ဟိုတုန်းက မသိလို့ စားတာ အဝိဇ္ဇာ ဦးစီးတာနော်။ သိလျက်နဲ့ စားတာ တဏှာဦးစီးတာ။ အဲဒီလို အမိပ္ပါယ်ပေါ်ဖို့ မလိုဘူးလား (လိုပါတယ်ဘုရား)။ အဲဒီ အမိပ္ပါယ်ကို မရောက်ဘူးကွဲ့။ တဏှာ ဦးစီးတယ်၊ တဏှာ ဦးစီးတယ် ပြောတာနော်။ လေ့လာဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။



ဆေးလိပ်သောက်ပြီးတော့ ချောင်းဆိုးရောဂါ မရှိဘူးလား (ရှိပါတယ်ဘုရား)။ ချောင်းဆိုး ရောဂါနော်။ မင်းချောင်းဆိုးပျောက်ချင်လား၊ ပျောက်ချင်တယ်၊ ဆေးလိပ်ကို ဖြတ်ပေါ့။ မဖြတ်နိုင်ရင် မင်း မပျောက်ဘူးပေါ့။ ဆေးလိပ် အဖြတ်မခိုင်းရဘူးလား (ခိုင်းရပါတယ်ဘုရား)။ ခိုင်းပြီးတော့ အခုလိုပဲ ဆေးပေးလိုက်ရတာပေါ့။ ပြီးတော့ စားဝတ်နေရေးနဲ့ ပတ်သက်ပြီးတော့ ဆေးက မန်ကျည်းသီးပဲနော်။ ခန္ဓာမှာ ရှိတာ အပူငြိမ်းတာ မန်ကျည်းသီးသာ တတ်နိုင်တယ်။ စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ အဲဒါ လေး၊ ငါး၊ ခုနစ်ရက်လောက် နေ့တိုင်း တိုက်ရတာပေါ့။ ခုနစ်ရက် ကြာတဲ့အခါ စင်ကြယ်ပြီးတော့ မသွားဘူးလား (သွားပါတယ် ဘုရား)။ အစားအသောက်တွေ ကောင်းလာခဲ့ပြီနော်။ ဟိုတုန်းက ရေချိုး ကြောက်တာကိုး။ အခုတော့ ရေချိုးချင်တဲ့ စိတ်တွေ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။ ခန္ဓာကိုယ် စိုပြည်လာတော့တာ။ သုံး၊ လေးနှစ် ကြာ သွားပြီနော်။ အဲဒီခါ အလှူမင်္ဂလာ ဆေးလိပ်တည်တာကိုး။ မသောက်ဘဲ မနေနိုင်ဘူးကွဲ့။ ဟိုတုန်းကတော့ ဆေးလိပ် သောက်လို့ ဖြစ်တယ်လို့ သိရဲ့လား (မသိပါဘူးဘုရား)။

Generated by CamScanner from intsig.com

အဝိဇ္ဇာကိုးကွဲ့။ သောက်တာက သင်္ခါရနော်။ အခုတော့ သူ့ကြောင့်ဖြစ်တယ်လို့ ဝိဒိတာပေါ့။ သိလျက်နဲ့ ပြုတာ တဏှာဦးစီးတာ။ အဲဒီလို လေ့လာဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။

တစ်ခါ ရာဇဝတ်မှုနဲ့ ပတ်သက်ပြီးတော့မှ သူများနွားကို ခိုးသတ်တာတွေ မရှိဘူးလား (ရှိပါတယ်ဘုရား)။ ခိုးသတ်တဲ့ အခါကျတော့ နှစ်ကြိမ်၊ သုံးကြိမ်ပေါ့။ နောက်တော့ မိတာပေါ့။ အဲဒါ မြင်တဲ့ ပုဂ္ဂိုလ်နှစ်ဦး၊ သုံးဦး ပေါ့နော်။ အဲဒီလို အထောက်အထားနဲ့ ပြတော့ သူ့ကိုဖမ်းပြီးတော့မှ ထောင်မချဘူးလား (ချပါတယ်ဘုရား)။ ထောင်ချတယ်နော်။ ထောင်ထဲမှာ လေး၊ ငါး၊ ခြောက်နှစ်ကြာသွားတယ်။ ကြာတော့ ဟိုတုန်းက သူ ထောင်မကျဖူးတဲ့ လူကိုး။ ရှေ့ကို ထောင်ကသာ လွတ်စေ၊ မလုပ်ဖူးပေါ့။ ကဲ သူ့ကိုယ် တစ်ခါတည်း ကျဉ်းမြောင်းသွားတာနော်။ ထောင်က လွတ်ပြီးတော့ အတတ်နိုင်ဆုံး သူရှောင်ကြဉ်နေတာပေါ့။ တစ်နေ့ကျတော့ မရှောင်ကြဉ်နိုင်တဲ့ အခါကျတော့ ခိုးပြီးတော့ မသတ်မိဘူးလား (သတ်မိပါတယ်ဘုရား)။ အဲဒါ တဏှာဦးစီးတာ။ လေ့လာဖို့ မကောင်းလား



(ကောင်းပါတယ်ဘုရား)။ စဉ်းစားနော်။ အဲဒါ (၂) အကွက်ကို ကူးတာကွဲ့။ လေ့လာဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ အဲဒါ လေ့လာကြ။

ကဲမိမိက ဟင်းတစ်ခွက်ပေါ့နော်။ ဟင်းက အင်မတန်ကောင်းတာ။ ပဲကြီးဟင်းပေါ့။ ဆီချက်က သတ်ထားတာနော်။ ဆားက လုံးဝမခတ်မိဘူး။ ဆား မပါဘူးပေါ့။ စားလိုက်တော့ ဆားပေါ့တယ်၊ ဆားပေါ့တယ်၊ ဆား မတောင်းဘူးလား (တောင်းပါတယ်ဘုရား)။ ဝေဒနာ ပစ္စယာ တဏှာလို့ မဟောဘူးလား (ဟောပါတယ်ဘုရား)။ ဆားလိုချင်တာ ငါလား၊ တဏှာလား (တဏှာပါဘုရား)။ တဏှာကွဲ့။ ခံစားတာ ငါလား၊ ဝေဒနာလား (ဝေဒနာပါဘုရား)။ လိုချင်တာက ငါလား တဏှာလား (တဏှာပါဘုရား)။ အဲဒီလို သိဖို့ မကောင်းလား။ တဏှာပေါ့နော်။ ကဲ ဆားယူပြီးတော့မှ မခတ်ဘူးလားဟဲ့ (ခတ်ပါတယ်ဘုရား)။ လွန်သွားတော့ ငန်ပြန်တော့တာ၊ မစားနိုင်ပြန်ဘူးကွဲ့။ ဆားက လွန်သွားပြီ။ နောက်ရေနွေးယူခဲ့လို့ မပြောရဘူးလား (ပြောရပါတယ်ဘုရား)။ နောက် ရေနွေး ထည့်တော့ခါ ပြေမသွားလားဟေ့ (ပြေသွားပါတယ်ဘုရား)။

Generated by CamScanner from intsig.com

အဲဒီလို လေ့လာဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။

အဲဒါ ဝေဒနာ ပစ္စယာ တဏှာလို့ မဟောဘူးလား (ဟောပါတယ်ဘုရား)။ (၂) က (၃)ကို ကူးတာနော်။ ဝေဒနာလို့ သိ၊ အနိစ္စလို့ သိ၊ စိစစ်ဖို့မကောင်းလား (ကောင်းပါတယ်ဘုရား)။ စားသုံးတဲ့ အရသာက ပဲဟင်းလား၊ ဆိမ့်တဲ့ အရသာလား (ဆိမ့်အရသာပါဘုရား)။ ဆိမ့်အရသာထဲမှာ စိစစ်ဖို့ လိုတယ်နော်။ ဆိုးတာပါရဲ့လား (မပါပါဘူးဘုရား)။ ကောင်းတာပါရဲ့လား (မပါပါဘူးဘုရား)။ ဆိုး၊ ကောင်းနှစ်ပါး မလွတ်လား (လွတ်ပါတယ်ဘုရား)။ ဆိုးတာ၊ ကောင်းတာ၊ ဆားပေါ့တယ်၊ ငန်တယ်၊ သူ့စိတ်မှာ ဖြစ်တာနော်။ ခန္ဓာမှာ ဖြစ်တာ ဟုတ်ရဲ့ လား (မဟုတ်ပါဘူးဘုရား)။ အဲဒီလိုလေ့လာဖို့ မကောင်းဘူးလားဟေ့ (ကောင်းပါတယ်ဘုရား)။ အဲဒါလိုရင်းအချက်တွေကွဲ့နော်။ အဲဒီလို စိစစ်ဖို့ မကောင်းလား။

အဲဒါကြောင့် ဥပေက္ခာဝေဒနာ လျှာမှာပေါ်သည် မဟောဘူးလား (ဟောပါတယ်ဘုရား)။ ကဲ ဆိုးတာ ပါရဲ့လား (မပါပါဘူးဘုရား)။ ကောင်းတာ ပါရဲ့လား (မပါပါဘူးဘုရား)။ မျိုကြည့် ရှိသေးရဲ့လား (မရှိပါဘူး



ဘုရား)။ (၂) က (၃) ကို ကူးသေးရဲ့လား (မကူးပါဘူးဘုရား)။ အဲဒီလို လိုတာ မဟုတ်ဘူးလားဟေ့။ စဉ်းစား။ ဝေဒနာပစ္စယာ တဏှာ၊ သညာ ပစ္စယာ တဏှာ၊ သင်္ခါရ ပစ္စယာ တဏှာ၊ ဝိညာဏ ပစ္စယာ တဏှာ၊ ရူပ ပစ္စယာ တဏှာ။ သူ့ကို မြင်ရတာ ရေစက်နီးတယ်လို့ မလာဘူးလား (လာပါတယ်ဘုရား)။ ရူပပစ္စယာ တဏှာကွဲ့။ သူ့အသံလေး ကြားရတာ သာယာတယ်လို့ မလာဘူးလား (လာပါတယ်ဘုရား)။ ရူပ ပစ္စယာ တဏှာကွဲ့။ ဝေဒနာ ပစ္စယာ တဏှာပဲ မဟုတ်သေးဘူးနော်။ အဲဒီလို အဓိပ္ပါယ်ပေါ်ဖို့ မလိုဘူးလား (လိုပါတယ်ဘုရား)။ အဲဒါ သိဖို့လိုတယ်။ သိမှ ပယ်နိုင်တာ။ မသိရင် ပယ်နိုင်ပ့ါမလား (မပယ်နိုင်ပါဘူးဘုရား)။ သစ္စာသိဖို့ လိုတယ်နော်။ ခန္ဓာသိဖို့ လိုတယ်နော်။ ပဋိစ္စသမုပ္ပါဒ် သိဖို့ လိုတယ်နော်။ ကဲ မရသေး တဲ့ပုဂ္ဂိုလ် ရလေအောင် သစ္စာဖွဲ့။

Generated by CamScanner from intsig.com

## "သစ္စာဖွဲ့နည်း"

### ဝေဒနာက္ခန္ဓာ

ဝေဒနာက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

ဝေဒနာက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

### သညာက္ခန္ဓာ

သညာက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။



သညာက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

### သင်္ခါရက္ခန္ဓာ

သင်္ခါရက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

သင်္ခါရက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

Generated by CamScanner from intsig.com

## ဝိညာဏက္ခန္ဓာ

ဝိညာဏက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

ဝိညာဏက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

## ရူပက္ခန္ဓာ

ရူပက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။



ရူပက္ခန္ဓာတရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

သစ္စာလေးပါးသိမှ သောတာပန်၊ သစ္စာလေးပါးသိမှ သကဒါဂါမ်၊ သစ္စာလေးပါးသိမှ အနာဂါမ်၊ သစ္စာလေးပါးသိမှ ရဟန္တာ။ သစ္စာလေးပါးကို မသိရင် သောတာပန်ဖြစ်ပါ့မလား (မဖြစ်ပါဘူးဘုရား)။ သောတာပန် မဖြစ်ရင် ဘုရား၊ ရဟန္တာဖြစ်ပါ့မလား (မဖြစ်ပါဘူးဘုရား)။ သောတာပန်က စရတယ်နော်။ သစ္စာလေးပါးကို မသိတာ (အဝိဇ္ဇာပါဘုရား)။ ခန္ဓာငါးပါးကို မသိတာ (အဝိဇ္ဇာပါဘုရား)။ ခန္ဓာငါးပါး တစ်ပါးပါးအပေါ်မှာ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါလို့ နှလုံးသွင်းမှားတာ (အဝိဇ္ဇာပါဘုရား)။ နှလုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ (တဏှာပါဘုရား)။ မရရင် မနေဘူးလို့ စွဲလမ်းတာ (ဥပါဒါန်ပါဘုရား)။ အဝိဇ္ဇာ၊ တဏှာ၊

Generated by CamScanner from intsig.com

ဥပါဒါန် ဤသုံးခု သစ္စာဖွဲ့တော့ ဘာသစ္စာလဲ (သမုဒယ သစ္စာပါဘုရား)။ လူလား၊ သမုဒယသစ္စာလား (သမုဒယ သစ္စာပါဘုရား)။ နတ်လား၊ သမုဒယသစ္စာလား (သမုဒယ သစ္စာပါဘုရား)။ ဗြဟ္မာလား၊ သမုဒယ သစ္စာလား (သမုဒယ သစ္စာပါဘုရား)။ သားတွေ သမီးတွေလား၊ သမုဒယ သစ္စာလား (သမုဒယသစ္စာပါဘုရား)။

သမုဒယသစ္စာလို့ အမှန်သိတာ သူ၊ ငါလား၊ မဂ္ဂသစ္စာလား (မဂ္ဂသစ္စာပါဘုရား)။ မဂ္ဂသစ္စာက သိတာနော်။ သမုဒယအကြောင်းရှိသမျှ အကျိုးခန္ဓာ မပေါ်လား (ပေါ်ပါတယ်ဘုရား)။ ပေါ်နေတာ လူ၊ နတ်၊ ဗြဟ္မာလား၊ ခန္ဓာငါးပါးလား (ခန္ဓာငါးပါးပါဘုရား)။ လူလား၊ ခန္ဓာငါးပါးလား (ခန္ဓာငါးပါးပါဘုရား)။ နတ်လား၊ ခန္ဓာငါးပါးလား (ခန္ဓာငါးပါးပါဘုရား)။ ဗြဟ္မာလား၊ ခန္ဓာငါးပါးလား (ခန္ဓာငါးပါးပါဘုရား)။ ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဟူသ၍ အို၊ နာ၊ သေ လွတ်ရဲ့လား (မလွတ်ပါဘူးဘုရား)။ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)။ လူချမ်းသာလား၊ ဒုက္ခသစ္စာလား (ဒုက္ခသစ္စာပါဘုရား)။ နတ်ချမ်းသာလား၊ ဒုက္ခသစ္စာလား



(ဒုက္ခသစ္စာပါဘုရား)။ ဗြဟ္မာချမ်းသာလား၊ ဒုက္ခသစ္စာလား (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာလို့ အမှန်ပိုင်းခြားသိ သမ္မာဒိဋ္ဌိလို့ မဟောဘူးလား (ဟောပါတယ်ဘုရား)။ သမ္မာဒိဋ္ဌိ ဝင်လာတော့ မိစ္ဆာဒိဋ္ဌိ မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား)။ သမ္မာဒိဋ္ဌိက အလင်းရောင်နဲ့ တူတယ်နော်။ မိစ္ဆာဒိဋ္ဌိက အမှောင်နဲ့ တူတယ်နော်။ ဒုက္ခသစ္စာတရား အပေါ်မှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာလို့ နှလုံးသွင်းမှားတာ အဝိဇ္ဇာပေါ့။ ဒုက္ခသစ္စာလို့ သိတာ အလင်းရောင် ပေါ်တာပေါ့။ နှလုံးသွင်းမှားလို့ သမုဒယ မဖြစ်လား (ဖြစ်ပါတယ်ဘုရား)။ အဲဒီလို စိစစ်ဖို့ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။ အဲဒါ မိစ္ဆာပေါ့။

သမ္မာဒိဋ္ဌိက အလင်းရောင်နော်။ မိစ္ဆာဒိဋ္ဌိက အမှောင်နော်။ အလင်းရောင်ပေါ်တော့ အမှောင် မပျောက်လား (ပျောက်ပါတယ်ဘုရား)။ ဒုက္ခသစ္စာ ပိုင်းခြား သိတော့ ကဲ တဏှာလာသေးရဲ့လား (မလာပါဘူးဘုရား)။ ဥပါဒါန် လာသေးရဲ့လား (မလာပါဘူးဘုရား)။ အာသဝအနေနဲ့ ကာမာသဝနဲ့ ဘဝါသဝ မချုပ်လား (ချုပ်ပါတယ်ဘုရား)။

Generated by CamScanner from intsig.com

တဏှာနဲ့ ဥပါဒါန် လာရဲ့လား (မလာပါဘူးဘုရား)။ မလာဘဲနဲ့ ချုပ်တာ အနုပ္ပါဒနိရောဓ။ မြင်ရာ၊ ကြားရာက ချုပ်တာ ဥပ္ပါဒနိရောဓလို့ မဟောဘူးလား (ဟောပါတယ်ဘုရား)။ အဲဒါ လိုရင်းအချက်တွေကွဲ့နော်။ အဲဒီလို စိစစ်ဖို့မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။ အဲဒါ သိမှ ပယ်နိုင်တာပေါ့။ မသိရင် ပယ်နိုင်ပါ့မလား (မပယ်နိုင်ပါဘူးဘုရား)။

ကဲ တစ်ခါပြန်ပြီးတော့ စိစစ်ကြသေးတာပေါ့နော်။ ဥပမာနဲ့ တစ်ခုပြောသေးတာပေါ့။ ရှေးအထက်ကျော်ကာရီက ဥဒ္ဒေနီပြည်ကြီး စည်ထီးခရိုင်ကို စိုးစံတော်မူသော ဥတေန မင်းကြီး ရှိတယ်နော်။ မိဖုရားငါးရာပေါ့။ အကြီးဆုံး သာမာဝတီ မိဖုရားကြီးပေါ့။ ရုပ်အဆင်းကလည်း ချော တယ်နော်။ အပြောကလည်း လိမ္မာတယ်နော်။ ရှစ်စပ်လည်း လည်တာပေါ့။ သူ့ကိုပဲ အကြီးအမှူး ခန့်ထားလိုက်တာ။ သူ့ရဲ့ လက်ပါးစေရာ အမြဲသုံးတဲ့ ခုဇ္ဇုတ္တရာကျွန်မဆိုတာ ကြားဖူးတယ် မဟုတ်လား (ကြားဖူးပါတယ်ဘုရား)။ ပန်းဖိုး အဝယ်ခိုင်းတာ နေ့စဉ်နဲ့တကွ အသပြာ တစ်ဝက် တစ်ဝက်



ခိုးတယ်၊ ကြားလား။ မခိုးဘူးလား (ခိုးပါတယ်ဘုရား)။

လေး၊ ငါးရက် ကြာညောင်းလို့ မြတ်စွာဘုရား သဗ္ဗညုရွှေဉာဏ်တော် ဉာဏ်ကွန်ယက်ကို ဖြန့်ကြည့်လိုက် တာ မနက်ဖြန် ဘယ်သူ့ချွတ်ရမှာလဲ။ ခုဇ္ဇုတ္တရာကျွန်မကို မြင်တယ်၊ ကြားလား။ ရှားမီးခဲ ရဲရဲကြီးကို ပြာဖုံးသလိုနော်။ သစ္စာလေးပါး ပြောင်းနဲ့သာ မှုတ်လိုက်ရင် အလင်းရောင် ပေါ်တော့မှာပေါ့။ သူသွားမယ့် ဈေးကိုသွားတဲ့ ကွက်လပ် တစ်ခုရှိတယ်နော်။ အဲဒီမှာ တရားသဘင် ဆင်ယင်ပြီးတော့ မဏ္ဍပ်ကြီး ထိုးထားလိုက်တာပေါ့။ မဏ္ဍပ်ကြီး ထိုးထား တယ်နော်။ တရားနာပရိသတ်တွေတော့ ရောက်နေပြီပေါ့။ ခုဇ္ဇုတ္တရာ မရောက်သေးတော့ သူ့ကို စောင့်နေတာပေါ့။ သူက မဏ္ဍပ်က ဖြတ်သွားတော့တာကိုး။ မဏ္ဍပ်အလယ် ရောက်တဲ့အခါ အရပ်လေးမျက်နှာ မကြည့်ရဘူးလား (ကြည့်ရပါတယ်ဘုရား)။ မြတ်စွာဘုရားကို မမြင်ဘူးလား (မြင်ပါတယ်ဘုရား)။ ဘုရားအနားသွား၊ ဦးတိုက်ရှိခိုးတာပေါ့။ ဦးသုံးကြိမ် ရှိခိုးပြီးတဲ့နောက် ခန္ဓာတို့၊ အာယတနတို့၊ ဓါတ်တို့၊ သစ္စာတို့ ပဋိစ္စသမုပ္ပါဒ်တရားတွေ မဟောရဘူးလား

Generated by CamScanner from intsig.com

(ဟောရပါတယ်ဘုရား)။ စိစစ်ဖို့ကောင်းတယ်နော်။ အဲဒီ ခန္ဓာတရား၊ ဓါတ်၊ သစ္စာတရားကို ဟောလိုက်တယ်။ တရားဆုံးတဲ့အခါ သောတာပန် တည်သွားတာပေါ့။

သောတာပန် တည်ပြီးတော့ ဈေးကိုဆက်ပြီးတော့ မသွားဘူးလား (သွားပါတယ်ဘုရား)။ အခါတိုင်းက ခိုးသလို ခိုးသေးရဲ့လား (မခိုးတော့ပါဘူးဘုရား)။ သိပယ်လို့ မဟောဘူးလား (ဟောပါတယ်ဘုရား)။ အဲဒီနောက် သစ္စာတရားကို ကြားရတာ တစ်မင်္ဂ၊ တစ်ဖိုလ် ရသွားတာနော်။ ခိုးရမှာ မစင်ကိုင်ရသလို ရွံကို ရွံတော့တာ။ ခိုးချင်တဲ့စိတ်တွေ ကုန်တာ။ **ဣဒံမေပုညံ အာသဝက္ခယံ ဝဟံဟောတု**လို့ မဟောဘူးလား (ဟောပါတယ်ဘုရား)။ ခိုးချင်တဲ့စိတ်တွေ ကုန်တာကွဲ့။ လေ့လာဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ စဉ်းစားကွဲ့နော်။ သိပယ်ကိုး။ ဘယ်လိုတွေ သိလာခဲ့သလဲ စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။

အဲဒီ အဒိန္နာဒါနကံက ဖြစ်တဲ့ဘဝမှာ လူဖြစ်ဖြစ်၊ တိရစ္ဆာန် ဖြစ်ဖြစ်၊ ဆင်းရဲတဲ့ တောမှာ၊ မွဲတဲ့ တောမှာ



သွားပြီးတော့မှ နေရတာပေါ့။ အစာရှားပါးတဲ့ တောမှာလဲ တိရစ္ဆာန် ဖြစ်ရတယ်နော်။ အဲဒီလို ကြောက်သွားတော့တာကွဲ့။ သိတော့ ပယ်တော့တာ။ လေ့လာဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ ဒါတော့ အခါတိုင်းနဲ့မတူ၊ ပန်းတွေက တစ်ပွေ့တစ်ပိုက်ကြီး ရခဲ့တာပေါ့။ တစ်ဝက်လောက် တိုးမလာဘူးလား (တိုးလာပါတယ်ဘုရား)။ လှုလည်း လှုတယ်နော်။

အဲဒီ ခုဇ္ဇုတ္တရာကျွန်မကလည်းပဲ တရားသိတော့ မျက်နှာတွေက ကြည်လို့ ရွှင်လို့ နေတာပေါ့။ မိဖုရားငါးရာ ဆွေးနွေးတာနော်။ သလွန်ပေါ်က နေရတာပေါ့။ သာမာဝတီ မိဖုရားကြီးကလေ။ အငယ်တွေက အောက်ကပေါ့။ ခုဇ္ဇုတ္တရာကျွန်မက လှေခါးတက်လာခဲ့တာ မြင်တာကိုး။ ပန်းတွေကလဲ အခါတိုင်းထက် များတာပေါ့။ လှုလည်း လှုတယ်နော်။ သူ့ခန္ဓာကိုယ်ကလည်း တရားသိတော့ ကြည်ပြီးတော့ မနေလားဟဲ့။ ရွှင်ရွှင်ပျပျကြီးပေါ့။

မိဖုရားက အကဲခတ် စဉ်းစားတယ်နော်။ အင်း အခါတိုင်းနဲ့ မတူဘူးပေါ့။ ပန်းတွေလဲ အခါတိုင်းထက်

Generated by CamScanner from intsig.com

များတယ် လှလည်းလှတယ်။ သူ့ကိုကြည့်ရတာ ရုပ်ဆင်း အင်္ဂါက အင်မတန်ကြည်တယ်။ အသင် ခုရှုတ္တရာကျွန်မ အသင်ဟာ အခါတိုင်းနဲ့ မတူဘူး၊ မျက်နှာလည်း ကြည်တယ်၊ ရွှင်တယ်၊ ပန်းတွေလဲ အခါတိုင်းထက် များတယ်၊ မှန်တာကို သံတော်ဦးတင်လို့ မမေးရဘူးလား (မေးရပါတယ်ဘုရား)။ မပြောရဘူးလား (ပြောရပါတယ်ဘုရား)။ အဲဒီတော့ အရှင်သခင် ရှိတဲ့အပြစ်ကို ခွင့်လွှတ်ပါလို့ မတောင်းပန်လား (တောင်းပန်ပါတယ်ဘုရား)။

အခါတိုင်းက နေ့စဉ် အသပြာ တစ်ဝက် တစ်ဝက် ခိုးတာပေါ့။ ဒီနေ့တော့ အဖဂေါတမမြတ်စွာဘုရား တရား ရေအေး အမြိုက်ဆေးကို သောက်တော့ခါ ဝမ်းထဲမှာ ကိလေသာ အပူတွေ ငြိမ်းသွားတာပေါ့။ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဆိုတဲ့ အပူတွေ မငြိမ်းဘူးလားဟဲ့ (ငြိမ်းပါတယ်ဘုရား)။ ငြိမ်းသွားတော့ အခါတိုင်းနဲ့ တူရဲ့လား (မတူပါဘူးဘုရား)။ ကျန်းမာတဲ့ ပုဂ္ဂိုလ်ဟာ ရွှင်ရွှင်ပျပျကြီးပေါ့။ ရောဂါရှိတဲ့လူဟာ ငေးလို့ မှိုင်လို့ နေတာကွဲ့။ ကျန်းမာတဲ့လူက ရွှင်ရွှင်ပျပျပေါ့။



အဲဒီ စကားကလေး ခင်းတဲ့အခါ၊ သလွန်ပေါ်က ဆင်း၊ သလွန်ပေါ် တင်ပြီး အသင်သိတဲ့တရားကို ငါတို့ ဟောရမယ်လို့ မတောင်းပန်ဘူးလားဟဲ့ (တောင်းပန်ပါတယ် ဘုရား)။ တောင်းပန်တယ်နော်။

အဲဒီအခါမှာ ပြန်ပြီးတော့ ခန္ဓာငါးပါးထဲမှာ ရူပက္ခန္ဓာမပါလား (ပါပါတယ်ဘုရား)။ ရူပက္ခန္ဓာအသေးစိတ် ကြည့်တော့ ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်ပေါ့။ ပထဝီက မာတဲ့သဘော၊ ပျော့တဲ့သဘော ပေါ့။ အာပေါက ဖွဲ့စည်းတဲ့သဘော၊ ယိုစီးတဲ့သဘောပေါ့။ တေဇောက ပူတဲ့သဘော၊ အေးတဲ့သဘောပေါ့။ ဝါယောက ထောက်ကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘောပေါ့။ စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ ဓါတ်ကြီးလေးပါးနော်။ အဲဒီ ဓါတ်ကြီးလေးပါးရှိတော့ ဓါတ်ငယ်လေးပါး မရှိဘူးလား (ရှိပါတယ်ဘုရား)။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာလို့ မဟော ဘူးလား (ဟောပါတယ်ဘုရား)။

မျက်စိနဲ့ဆိုင်ရာ ဝဏ္ဏ အဆင်းဓါတ်ပေါ့နော်။ အဲဒီ အရောင် အဆင်း အလင်းဟာ ဓါတ်ကြီးလေးပါးမှာ

ဘယ်ဓါတ်ကို မှီဖြစ်တာလဲ စိစစ်ဖို့မကောင်းလား (ကောင်းပါတယ်ဘုရား)။ တေဇောဓါတ်ကို မှီဖြစ်ရတာ။ အရောင် အဆင်း အလင်းလေ။ အဲဒီလို စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ နှာခေါင်းနဲ့ ဆိုင်ရာ အနံ့ဓါတ်နော်။ ဓါတ်ကြီးလေးပါးမှာ ဘယ်ဓါတ်ကို မှီဖြစ်တာလဲ စိစစ်ဖို့မကောင်းလား (ကောင်းပါတယ်ဘုရား)။ ပန်းသတင်း လေညှင်းဆောင်ပေါ့။ ဝါယောဓါတ်ကို မှီပြီးတော့ မဖြစ်ရဘူးလား (ဖြစ်ရပါတယ်ဘုရား)။ ဝါယောဓါတ်ကျတော့ မွှေးတယ် နံတယ် သိနိုင်တာပေါ့။ အဲဒီလို လေ့လာဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။

လျှာနဲ့ ပတ်သက်လို့ ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး ရသာခြောက်ပါးပေါ့နော်။ အဲဒီ ရသာခြောက်ပါးမှာ ဘယ်ဓါတ်ကို မှီတာလဲ လေ့လာဖို့မကောင်းလား (ကောင်းပါတယ်ဘုရား)။ ဆားကို လက်နဲ့ ကိုင်စမ်းကြည့်၊ ငန်တယ်လို့ သိရဲ့လား (မသိပါဘူးဘုရား)။ သကြားကို လက်နဲ့ ကိုင်စမ်းကြည့်၊ ချိုတယ်လို့ သိရဲ့လား (မသိပါဘူး ဘုရား)။ ငရုတ်သီး ကိုင်စမ်းကြည့်၊ စပ်တယ်လို့ သိရဲ့လား



(မသိပါဘူးဘုရား)။ လျှာနဲ့ကျတော့ မသိနိုင်ဘူးလား (သိနိုင်ပါတယ်ဘုရား)။ အာပေါဓါတ်ကို မှီဖြစ်ရတာ။ ခန္ဓာကိုယ် တရိပ်ရိပ်ကြီးထွားတာ မရှိဘူးလား (ရှိပါတယ် ဘုရား)။ အာပေါ၊ ဩဇာ မနေဘူးမှာနော်။ ပထဝီဓါတ်ကို မှီဖြစ်ရတယ် ကြားလား။ ဓါတ်ကြီးက လေးသွယ်၊ ဓါတ်ငယ်က လေးပါးပေါ့။ ပေါင်းလိုက်တော့ ဓါတ်ရှစ်ပါး မရလား (ရပါတယ်ဘုရား)။ အဲဒီဟာတွေ ဓါတ်လေးပါး၊ ဓါတ်ရှစ်ပါး သင်ပေးတာပေါ့။ ဓါတ်ရှစ်ပါး အချင်းချင်း ထိတဲ့အခါ အသံမပေါ်လား (ပေါ်ပါတယ်ဘုရား)။ **နဝကလာပ် ကိုးခုသော ရုပ်တရား**ပေါ့။ အဲဒီလို လေ့လာဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ အဲဒါတွေ အကုန်လုံး သင်ပေးလိုက်တယ်နော်။

သင်ပြီးတဲ့အခါကျမှ မိဖုရားကို အရှင်သခင်တဲ့ ဝိဇ္ဇာမျက်မှန်ကို တပ်ပြီးတော့ အကြည့်မခိုင်းရဘူးလား (ကြည့်ခိုင်းရပါတယ်ဘုရား)။ ဥတေနမင်းကြီးထင်လို့ ဝိဇ္ဇာ မျက်မှန် တပ်ကြည့်တဲ့အခါ ဥတေနမင်းကြီးကို မြင်တာလား၊ အဆင်းကို မြင်တာလား (အဆင်းကိုမြင်တာပါဘုရား)။ အဆင်းသာ ဥတေနမင်းကြီးဆိုရင် အဆင်းဟူသမျှ

ဥတေနမင်းကြီးလို့ ခေါ်ရမှာပေါ့။ ဒီလိုကော ဖြစ်ပါ့မလား (မဖြစ်ပါဘူးဘုရား)။ မဖြစ်ဘူးကွဲနော်။ အဲဒီလို စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ စိတ်ကတော့ ဥတေနမင်းကြီးလို့ မထင်လား (ထင်ပါတယ်ဘုရား)။ လက်နဲ့ ပုတ်ကြည့်လိုက်နော်။ တီးကြည့်လိုက်နော်။ ဥတေနမင်းကြီး လား အသံလား (အသံပါဘုရား)။ ဒါ နားနဲ့ ဆိုင်တာပေါ့။

စိတ်ကတော့ ဥတေနမင်းကြီးလို့ မထင်လား (ထင်ပါတယ်ဘုရား)။ ရှိတယ်လို့ မယူလား (ယူပါတယ် ဘုရား)။ နမ်းကြည့်လို့ မခိုင်းလား (ခိုင်းပါတယ်ဘုရား)။ နမ်းကြည့်တဲ့အခါ ဥတေနမင်းကြီးတွေ့သလား၊ အနံ့တွေ့ သလား (အနံ့တွေ့ပါတယ်ဘုရား)။ အနံ့ပဲတွေ့တယ် ကွဲ့နော်။ လျှာနဲ့ပတ်သတ်လို့ ဥတေနမင်းကြီးထင်လို့ လျှာ လေးနဲ့ လျက်ကြည့်လို့ မခိုင်းဘူးလား (ခိုင်းပါတယ်ဘုရား)။ လျက်ကြည့်တဲ့အခါ ဥတေနမင်းကြီးလား၊ ငန်ပျပျ ရသာဓါတ်လား (ငန်ပျပျရသာဓါတ်ပါဘုရား)။ ရသာဓါတ်ပဲ တွေ့တယ်နော်။ ဆံဖျားက ခြေဖျား၊ ခြေဖျားက ဆံဖျားပေါ့။ အနုလုံ၊ ပဋိလုံပေါ့။



အဲဒါ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့် နော်။ ပူတာ မတွေ့လား (တွေ့ပါတယ်ဘုရား)။ အေးတာ မတွေ့လား (တွေ့ပါတယ်ဘုရား)။ ပူတာ ဥဏှတေဇော ပေါ့။ အေးတာ သီတတေဇောပေါ့။ ပူတယ်၊ အေးတယ် သိတာ သူ၊ ငါလား၊ ကာယဝိညာဏ်လား (ကာယဝိညာဏ် ပါဘုရား)။ နာမ်တရား မရဘူးလား (ရပါတယ်ဘုရား)။ ပူတာ၊ အေးတာက ရုပ်တရား မရလား (ရပါတယ်ဘုရား)။ နာမ်၊ ရုပ်နှစ်ပါးပေါ့။ ဥတေနမင်းကြီးလား၊ နာမ်နဲ့ ရုပ်လား (နာမ်နဲ့ ရုပ်ပါဘုရား)။ အဲဒီလို ခြေအစ ခေါင်းအဆုံး တစ်ကိုယ်လုံး ရှာကြည့်တော့ ဥတေနမင်းကြီး တွေ့သေး ရဲ့လား (မတွေ့ပါဘူးဘုရား)။ ဘာဖြစ်လို့ မတွေ့တာလဲ (မရှိလို့ပါဘုရား)။ မရှိရင် ဥတေနမင်းကြီး အနေနဲ့ စွဲစရာလိုသေးရဲ့လား (မလိုပါဘူးဘုရား)။ အဲဒီလို လေ့လာဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ အဲဒီလို စိစစ်ဖို့ လိုတယ်ကွဲ့နော်။ ထိထိမိမိ သဘောပေါက်ဖို့ မလိုလား (လိုပါတယ်ဘုရား)။

အဲဒါပြီးရင် ဉာတပရိညာ ပိုင်းခြားလို့ သိပါလို့ မဟောဘူးလား (ဟောပါတယ်ဘုရား)။ အဲဒါ နာမ်နှင့် ရုပ်

Generated by CamScanner from intsig.com

တရားနှစ်ပါးပဲ တွေ့တာပေါ့။ ဥတေနမင်းကြီးလား၊ နာမ်နဲ့ ရုပ်လား (နာမ်နဲ့ ရုပ်ပါဘုရား)။ ဤနာမ်၊ ရုပ်က ဘယ်ပုံ ဘယ်နည်း ရှိတာလဲ စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ် ဘုရား)။ ရုပ်တရားကြီးက ဖေါက်ပြန် ပြီးတော့ မပျက်လား (ပျက်ပါတယ်ဘုရား)။ နာမ် တရားက သိပြီးတော့ မပျက်လား (ပျက်ပါတယ်ဘုရား)။ နိစ္စလား၊ အနိစ္စလား (အနိစ္စပါ ဘုရား)။ အနိစ္စ မမြဲခြင်းတရားသည် ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား (ဆင်းရဲတဲ့တရားပါဘုရား)။ ဆင်းရဲတဲ့ တရားကို သုခလို့ ခေါ်မလား၊ ဒုက္ခလို့ ခေါ်မလား (ဒုက္ခလို့ ခေါ်မှာပါဘုရား)။ ဤဒုက္ခတရားကို ပိုင်သူရှိရဲ့လား (မရှိပါဘူး ဘုရား)။ သတ္တဝါအလိုသို့ လိုက်ရဲ့လား (မလိုက်ပါဘူး ဘုရား)။ အကြိုက်သို့ ပါရဲ့လား (မပါပါဘူးဘုရား)။ အနတ္တလို့ မဟောဘူးလား (ဟောပါတယ်ဘုရား)။ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ တွေ့တယ်နော်။ အဲဒါ ပွါးလို့ သိတာ။

အနိစ္စတရား တွေ့တဲ့အခါ နာမ်၊ ရုပ် တွေ့သေးရဲ့ လား (မတွေ့ပါဘူးဘုရား)။ ဒုက္ခတရား တွေ့တဲ့အခါ နာမ်၊ ရုပ်တွေ့သေးရဲ့လား (မတွေ့ပါဘူးဘုရား)။ အနတ္တတရား တွေ့တဲ့အခါ နာမ်၊ ရုပ်တွေ့သေးရဲ့လား (မတွေ့ပါဘူး



ဘုရား)။ အနိစ္စတရားနဲ့ နာမ်၊ ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား (လိုပါတယ်ဘုရား)။ ဒုက္ခတရားနဲ့ နာမ်၊ ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား (လိုပါတယ်ဘုရား)။ အနတ္တ တရားနဲ့ နာမ်၊ ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား (လိုပါတယ်ဘုရား)။ တီရဏပရိညာ။ စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။

ဥတေနမင်းကြီးထင်လို့ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်တော့ခါ ဥတေနမင်းကြီးတွေ့လား၊ ပူနွေးနွေး တွေ့လား (ပူနွေးနွေး တွေ့ပါတယ်ဘုရား)။ ပူတာ ဥဏှတေဇောပေါ့။ တစ်နည်းအားဖြင့် အေးတာ သီတတေဇောပေါ့။ ပူတယ်၊ အေးတယ်သိတာ သူ၊ ငါလား ကာယဝိညာဏ်လား (ကာယဝိညာဏ်ပါဘုရား)။ ကာယ ဝိညာဏ်က နာမ်တရား မရလား (ရပါတယ်ဘုရား)။ ပူတာ၊ အေးတာက ရုပ်တရား မရလား (ရပါတယ်ဘုရား)။ နာမ်၊ ရုပ်နှစ်ပါး။ ဉာတပရိညာ။ စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ အဲဒါ လိုရင်းအချက်တွေနော်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စုလိုက်တော့ ဖြစ်၊ ပျက်လို့ မဟော ဘူးလား (ဟောပါတယ်ဘုရား)။ ဖြစ်၊ ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့

Generated by CamScanner from intsig.com

တရားလား (ဆင်းရဲတဲ့ တရားပါဘုရား)။ ဆင်းရဲတယ်လို့ အမှန်သိတာ ယထာဘူတဉာဏ်ပေါ့။

ဒုတိယ ဆက်ကြိုးစားကြည့်။ ဖြစ်၊ ပျက်ပဲ တွေ့ဦးမှာပေါ့။ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)။ ဒုတိယကျတော့ အသိဉာဏ်က ရင့်လာပြီနော်။ ခန္ဓာက လွတ်ချင်တဲ့စိတ်တွေ ပေါ်တာပေါ့။ ကျွတ်ချင်တဲ့စိတ်တွေ ပေါ်တာပေါ့။ လောကကြီးကို ပျင်းမုန်းငြီးငွေ့ပြီနော်။ အပြောအဆို၊ အနေအထိုင်တွေ အခါတိုင်းနဲ့ တူရဲ့လား (မတူတော့ပါဘူးဘုရား)။ တစ်မူ ထူးခြားပြီးတော့ မနေလား (နေပါတယ်ဘုရား)။ နိဗ္ဗိန္ဒဉာဏ်။

တတိယ ဆက်ကြိုးစားကြည့် ဖြစ်၊ ပျက်ပဲ မတွေ့လား (တွေ့ပါတယ်ဘုရား)။ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)။ ခြေအစ၊ ခေါင်းအဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ၊ သုခဆိုတဲ့တရား အပ်ဖျား တစ်ထောက်စာမျှ တွေ့ရဲ့လား (မတွေ့ပါဘုရား)။ အပ်ဖျား တစ်ထောက်စာမျှ သုခမတွေ့တာ ရှိလို့လား၊ မရှိလို့လား (မရှိလို့ပါဘုရား)။ မရှိရင် ဒုက္ခအတိလို့ မပိုင်းခြားလား (ပိုင်းခြားပါတယ်ဘုရား)။ ပိုင်းခြားလိုက်တဲ့ တစ်ချိန် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊



သမ္မာအာဇီဝ၊ သီလမဂ္ဂင်သုံးပါး မဝင်လား (ဝင်ပါတယ်ဘုရား)။ အဲဒါ သမုစ္ဆေဒသီလ။ ပရမတ်ကို အာရုံပြုတာနော်။ အဲဒီ သီလမှ တရားအဆီ၊ တရားရဲ့ အနှစ်သာရပေါ့။ ဘယ်လောက်များ အနှစ်သာရ ကောင်းလဲ၊ စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။

အကျိုးယုတ်၊ အကျိုးနည်းလောက်အောင်၊ အရှက်ကွဲလောက်အောင်နော်။ အပုပ်ရည်သွင်းတဲ့ စကားမျိုးနဲ့ ပြောပစ်လိုက်တာပေါ့။ ပြန်ပြီးတော့ တုံ့ပြန်မယ်လို့ စိတ်ကူးထည့်သေးရဲ့လား (မထည့်တော့ပါဘူးဘုရား)။ အာလွန်၊ လျှာလွန်ကား လုပ်သေးရဲ့လား (မလုပ်တော့ပါဘူးဘုရား)။ ခြေလွန်၊ လက်လွန်ကား လုပ်သေးရဲ့လား (မလုပ်တော့ပါဘူးဘုရား)။ အဲဒီလို အနှစ်သာရ ပြည့်တာ။ အဲဒါ သမုစ္ဆေဒသီလနော်။ ပုဂ္ဂိုလ်၊ သတ္တဝါ အနေနဲ့ ရှောင်ရတာက သမာဒါနသီလ၊ သမ္ပတ္တသီလပေါ့။ သမုတိသစ္စာ ပညတ်ကို အာရုံပြုတာနော်။ အခုဟာက ပရမတ်ကို အာရုံပြုတာ။ အဲဒီလို မခြားနားဘူးလား (ခြားနားပါတယ်ဘုရား)။ ရှုဉာဏ်ငါးပါးနဲ့ ပေါင်းတော့ခါ ရှစ်ပါးမပြည့်လား (ပြည့်ပါတယ်ဘုရား)။ ရှစ်ပါး ပြည့်တဲ့အခါ ခန္ဓာတွေ့သေးရဲ့လား

Generated by CamScanner from intsig.com

(မတွေ့ပါဘူးဘုရား)။ ခန္ဓာမတွေ့ရင် အိုဦးမလား (မအိုတော့ပါဘူးဘုရား)။ နာဦးမလား (မနာတော့ပါဘူးဘုရား)။ သေဦးမလား (မသေတော့ပါဘူးဘုရား)။ ဒါကြောင့် ခန္ဓာ မရှိတော့ မငြိမ်းလား (ငြိမ်းပါတယ်ဘုရား)။ ကိလေသာ မရှိတော့ မအေးလား (အေးပါတယ်ဘုရား)။ ငြိမ်းတဲ့ သဘောနဲ့ အေးတဲ့သဘော ဘယ်လိုခေါ်မလဲ (နိဗ္ဗာန်ပါဘုရား)။ အဲဒါ လိုရင်း အချက်ကွဲ့နော်။ ဤနေရာ ရောက်အောင် ကြိုးစားအားထုတ်ပေါ့။ အဲဒီလို စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ အဲဒီနေရာရောက်တဲ့ အခါ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ စိစစ်ဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား)။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ဆိုတဲ့ အနုသယကိလေသာ ပယ်တာပေါ့။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ အနုသယကိလေသာပယ်တော့ ပရိယုဋ္ဌာန မနောကံ လာသေးရဲ့လား (မလာတော့ပါဘူးဘုရား)။ မနောကံ၊ ဝီတိက္ကမ ကာယကံ၊ ဝစီကံလာသေးရဲ့လား (မလာတော့ပါဘူး ဘုရား)။ မလာရင် အပါယ်သွားတဲ့ ကံတွေမကုန်လား (ကုန်ပါတယ်ဘုရား)။ အပါယ်ခန္ဓာ ဇာတ်မသိမ်းလား



(သိမ်းပါတယ်ဘုရား)။ ပဟာနပရိညာလို့ မဟောဘူးလား (ဟောပါတယ်ဘုရား)။ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာနော်။

ဤဉာဏ်သုံးဉာဏ်ရတဲ့ပုဂ္ဂိုလ် အနမတဂ္ဂ သံသရာကစ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံဟောင်း၊ ကြွေးဟောင်း အနန္တ ကမ္ဘာပထဝီမြေကြီးနဲ့ အမျှဖြစ်တဲ့ အကုသိုလ်ကံတွေ အကျိုးပေးခွင့် ရသေးရဲ့လား (မရတော့ပါဘူးဘုရား)။ အင်္ဂုလိမာလကြီးက သက်သေမခံလား (ခံပါတယ်ဘုရား)။ ဘယ်လောက်များ အားရစရာ ကောင်းသလဲနော်။ ယုံယုံ ကြည်ကြည်နဲ့ ကြိုးစား အားထုတ်ဖို့ လိုတာပေါ့။ ကဲ ထိဆဲ ခန္ဓာက ဖြစ် ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)။ သိတာက (မဂ္ဂသစ္စာပါဘုရား)။ သေတာက (သမုဒယ သစ္စာပါဘုရား)။ နောက်ခန္ဓာ မလာတာ (နိရောဓသစ္စာပါ ဘုရား)။ ပဋိစ္စသမုပ္ပါဒ်အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက် ရှိပါတယ် ဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါ ဘုရား)။ ငါးလေးလီ (နှစ်ဆယ်)။ ဤရှစ်သွယ်ကို (အလွယ် ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း)။

Generated by CamScanner from intsig.com

## အမျှဝေ

### ဣမာယ–ဓမ္မာနု–ဓမ္မပဋိပတ္တိယာ

ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **ဗုဒ္ဓံ**၊ မြတ်စွာဘုရားကို၊ **ပူဇေမိ**၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

### ဣမာယ–ဓမ္မာနု–ဓမ္မပဋိပတ္တိယာ

ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **ဓမ္မံ**၊ တရားတော်မြတ်ကို၊ **ပူဇေမိ**၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

### ဣမာယ–ဓမ္မာနု–ဓမ္မပဋိပတ္တိယာ

ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **သံဃံ**၊ သံဃာတော် အရှင်မြတ်ကို၊ **ပူဇေမိ**၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

ဤကဲ့သို့ ပြုလုပ်အပ်သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ အဓိဋ္ဌာန်ကုသိုလ်၊ ပါရမီကုသိုလ်၊ ဝိပဿနာ မဟာကုသိုလ်တို့၏ အကျိုးအားကြောင့်



ခန္ဓာငါးပါး၊ ရုပ်၊ နာမ်တရားတို့၏ မဖြစ်ဝေးစွာ ချုပ်ငြိမ်းရပါလို၏ အရှင်ဘုရား။

ထိုကုသိုလ်၏ အကျိုးကိုလည်း မိခင်၊ ဖခင်၊ ကျေးဇူးရှင်တို့အား လည်းကောင်း၊ အနမတဂ္ဂ သံသရာမှ စ၍ တော်စပ်ခဲ့ဖူးသော မိခင်၊ ဖခင် ကျေးဇူးရှင် အပေါင်းတို့အား လည်းကောင်း၊ အာစရိယာနဥ္စ၊ ဆရာသမားတို့အား လည်းကောင်း၊ ဣမာသံ ပရိသာနဥ္စ၊ တရားနာ အစည်းအဝေးသို့ ကြွရောက်လာကြကုန်သော တရားနာ ပရိသတ်တို့အား လည်းကောင်း၊ ရေမြေသနင်း ပြည့်ရှင်မင်းတို့အား လည်းကောင်း၊ ငရဲသနင်း ယမမင်းတို့အား လည်းကောင်း၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အာရာမ်စောင့်နတ်၊ ဓမ္မာရုံစောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော်စောင့်နတ်၊ စတုလောကပါလ နတ်မင်းကြီးမှစ၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျ၊ သုခိတ၊ ဒုက္ခိတ သတ္တဝါ အပေါင်းတို့အား ဘာဇေယျာမ အမျှ - အမျှ - အမျှ၊ အမျှ ပေးဝေပါကုန်၏။

အမျှ ရကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ လိုအင်ဆန္ဒ တစ်လုံး တစ်ဝတည်း ပြည့်ဝကြပြီးလျှင်

Generated by CamScanner from intsig.com

သူတော်ကောင်းတရား ကြိုးစား ပွားများ အားထုတ်နိုင် လွယ်ကြသည်ဖြစ်စေ။

(အမျှ - အမျှ - အမျှ ယူတော် မူကြပါကုန်လော့
သာဓု - သာဓု - သာဓု )၃ကြိမ်

## မုံလယ်ဆရာတော်ဘုရားကြီး၏ မေတ္တာပို့

အရှေ့အရပ်မှာနေ များလှသတ္တဝါတွေ ကျန်းမာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာဝေ။ ဣစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

တောင်အရပ်မှာနေ များလှသတ္တဝါတွေ ကျန်းမာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာဝေ။ ဣစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

အနောက်အရပ်မှာနေများလှသတ္တဝါတွေ ကျန်း မာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာဝေ။ ဣစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

မြောက်အရပ်မှာနေ များလှသတ္တဝါတွေ ကျန်း မာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာဝေ။ ဣစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။



အထက်အရပ်မှာနေ များလှသတ္တဝါတွေ ကျန်း မာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာဝေ။ ဣစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

အောက်အရပ်မှာနေ များလှသတ္တဝါတွေ ကျန်း မာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာဝေ။ ဣစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

တို့ကျောင်းဝိုင်းအတွင်းမှာနေ များလှသတ္တဝါတွေ ကျန်းမာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာ ဝေ။ ဣစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်း ရပါစေ။

အောင်ပါစေ၊ ချမ်းကြည်အေးမြစေ။ မဂ်စခန်း တက် လှမ်းနိုင်ပါစေ။

ဤသို့ပြုရ ကုသလကြောင့် များလှဝေနေ အမျှ ပေးဝေသည် နတ် လူ -ဗြဟ္မာ သာဓု ခေါ်စေသော်။

(ကုသိုလ် အမျှ - အမျှ - အမျှ ယူတော် မူကြပါကုန်လော့
သာဓု - သာဓု - သာဓု )၃ကြိမ်

Generated by CamScanner from intsig.com

(ဆရာတော် သံဃာတော်
ဘေးရန် ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ဆရာတော် သံဃာတော်
ကျန်းမာစွာနှင့် ချမ်းသာစွာနှင့်
ခန္ဓာ့ဝန်ကို သာသနာ့ဝန်ကို
လွယ်ကူစွာ ဆောင်ရွက် နိုင်ပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ။) ၃-ကြိမ်

(ဆရာတော် သက်တော် ရာကျော်ရှည်ပါစေ၊) ၃-ကြိမ်
သာဓု ... သာဓု ... သာဓု

Generated by CamScanner from intsig.com